# သပိတ်စုံသူပုန်ထ တိုက်ပွဲသဏ္ဍာန်နဲ့ပတ်သက်ပြီး
# ဗကပ ရဲ့ သဘောထား
# (၂၀ - ၂ - ၂၀၁၀)

သပိတ်စုံသူပုန်ထ တိုက်ပွဲသဏ္ဍာန်ဟာ ၁၉၁၇ က ရုရှပြည်နိုင်ငံရေးအခင်းအကျင်းမျိုးမှာပဲ ဖြစ်နိုင်တယ်။
အဲဒီတုန်းက -

- ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေးက ဇာဘုရင်စနစ်ကို ဖြုတ်ချထားပြီးပြီ။ ယာယီအစိုးရ ရှိနေပြီ။ ကမ္ဘာစစ်ကြီး ဖြစ်နေတယ်။ ရုရှက ထဲထဲဝင်ဝင် ပါနေတယ်။ အလုပ်သမား၊ လယ်သမား၊ စစ်သားတွေက ဖွဲ့ဖွဲ့စည်းစည်းနဲ့ အုံကြွနေတယ်။ ဒီအခြေအနေမှာ ယာယီအစိုးရက တွေဝေနေတယ်။ အလုပ်သမား၊ လယ်သမား၊ စစ်သားတွေကို အကြမ်းဖက် ဖိနှိပ်ဖို့ကလည်း မဖြစ်နိုင်ဘူး။ လက်တွန့်နေတယ်။ ဒီလို အခြေအနေမျိုးမှာ သပိတ်စုံလို့ ရပါတယ်။ သူပုန်ထလို့ ရတယ်။
- ဒီရုရှပြည်က တိုက်ပွဲသဏ္ဍာန်မျိုးကိုသုံးပြီး ဘယ်တော်လှန်ရေးမှလည်း (နောက်ပိုင်းမှာ) မအောင်မြင်ခဲ့ဖူးဘူး။ တရုတ်၊ ဗီယက်နမ်၊ ကျူးဘား တော်လှန်ရေးတွေရဲ့ တိုက်ပွဲသဏ္ဍာန်က တမျိုးပဲ။
- ဖိနှိပ်အကြမ်းဖက်မှုကို ဇက်ရဲလက်ရဲလုပ်တတ်တဲ့ အာဏာရတွေ ရှိနေသမျှ သပိတ်က မစုံနိုင်။

ရဲဘော်ဂိုရှယ်က ဘာ့ကြောင့် 'သပိတ်စုံသူပုန်ထ' တိုက်ပွဲသဏ္ဍာန် တင်သလဲ။
အဲဒီတုန်းက -

- 'သပိတ်' မှောက်နေတာ ရန်ကုန်မှာ အလုပ်သမားအနည်းအကျဉ်းပဲ ရှိတယ်။ ၁၉၄၆ စက်တင်ဘာအုံကြွမှုကြီး ပြီးကတည်းက အမျိုးသားညီညွတ်ရေး ပြိုကွဲနေတယ်။ သပိတ်စုံဖို့ကို ဗကပ ချည်းလုပ်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။
- ဆိုရှယ်လစ်တွေက ပြည်ထဲရေးဝန်ကြီးအာဏာ ရနေတယ်။ အင်္ဂလိပ် SB တွေ ပြုစုထားတဲ့ ကွန်မြူနစ်စာရင်းကိုကိုင်ပြီး တပြည်လုံးအနှံ့ ပိုက်စိတ်တိုက်ပြီး ဗကပ ဖမ်းပွဲကြီး လုပ်နေတယ်။ အဖမ်းခံရသူတွေ များတယ်။ အဖမ်းမခံရသူတွေက ဖက်ဆစ်တော်လှန်ရေးတုန်းက အခြေခံခဲ့တဲ့ ကျေးရွာတွေဆီ ပြေးရတယ်။ လိုက်ဖမ်းနေတဲ့ ပုလိပ်တွေကို ခုခံတိုက်နေကြရပြီ။ ကိုကျော်ငြိမ်းက ကိုသိန်းဖေကို ဗကပ ဌာနချုပ်မှာ တက်ပြီးရုံးထိုင်စေဖို့၊ ခုခံစစ်ဆင်နေသူတွေကို ပါတီက 'လက်ဝဲကျွံသူများ' အဖြစ် စွပ်စွဲပြီး ထုတ်ပစ်ဖို့ တွန်းတင်နေတယ်။
- အဲဒီလို အခြေအနေမျိုးမှာ သပိတ်တလုံးကိုတောင်မှောက်ဖို့ ခက်နေတယ်။ ကေဒါတွေ အဖမ်းခံနေရတယ်။ ဘယ်နယ့်လုပ်ပြီး သပိတ်စုံအောင် လုပ်နိုင်မှာလဲ။
- ရဲဘော်ဂိုရှယ် ဒါကို မသိတာ မဟုတ်ပါဘူး။ ကေဒါတွေ မရှိဘဲ ဘယ်လိုလုပ်ပြီး သပိတ်စုံအောင် စည်းရုံးနိုင်မှာလဲ။ တကယ်ကတော့ ပါတီရဲ့ တရားဝင်အနေအထားကို အညှံ့ခံပြီး ထိန်းထားချင်တာပဲ။ 'မတရားသင်း' အဖြစ်မခံရဖို့ အညှံ့ခံရေးလမ်း လိုက်တာပဲ။ နောက်တော့ ရဲဘော်ဂိုရှယ် အမြင်မှန်ရသွားပါတယ်။
- NLD လည်း ဒီအကျပ်အတည်းမျိုးကို ရွေးကောက်ပွဲ 'ဥပဒေ' တွေ ထွက်လာရင် ကြုံရလိမ့်မယ်။

၂၀ - ၂ - ၂၀၁၀
www.cpburma.org